
Translator - Shanhtet
ဂတနာနယ်မြေအရှင်သခင်
စာစဉ်-၅

## အခန်း (၄၉)
## ချွေးဘုရင်

*

ထိုစဉ် ခဏာဝယ် ချင်ယွမ်ဖုန်း သည် မိမိ၏ ကျောပြင်အား တစ်စုံတစ်ခုသော အရာက အားပြု၍ ပွတ်တိုက်သွားသည်ကို ခံစားလိုက်ရချေသည်။

"နောက်မနေနဲ့စမ်းပါနဲ့"

ချင်ယွမ်ဖုန်းသည် လက်ကို ဝေ့ယမ်းကာ ပြောဆိုလိုက်သော်လည်း နောက်သို့ လှည့်ကြည့်မိသည်တွင် တစ်ကိုယ်လုံး တောင့်တင်းအံ့ဩ

သွားရတော့သည်။

သူသည် တုန်တုန်ရင်ရင်ဖြင့် လှည့်ကြည့်လိုက်ရာ မိမိ၏ နောက်ကွယ်တွင် တောင်ပမာ ကြီးမားလှသော သတ္တဝါကြီးတစ်ကောင် မတ်တတ်ရပ်နေသည်ကို တွေ့လိုက်ရ၏။

စောစောက သူ၏ ကျောပြင်ကို ပွတ်တိုက်သွားသည့်အရာမှာ ထိုသတ္တဝါကြီး၏ လျှာပင် ဖြစ်ပေတော့သည်။

"ဒါ... ဒါ အစစ်အမှန်ပဲလား"

ချင်ယွမ်ဖုန်းသည် ယနေ့ကြုံတွေ့ရသမျှ ထူးဆန်းအံ့သြဖွယ်ရာတို့ထက် ယခုမြင်ကွင်းကို ပို၍ပင် မှင်သက်မိလေတော့သည်။

ရှေးဦးစွာ ကြောက်မက်ဖွယ်ကောင်းသော မိစ္ဆာမြေရိုင်း၊ ထို့နောက် တတိယအဆင့်

မြင့်မားသော သားရဲဖြစ်သည့် ညဉ့်နက်ပျံကျားသစ် ၊ ယခုမူကား ဤမျှရောမကြီးမားလှသော သတ္တဝါကြီးနှင့် တိုးပြန်လေပြီ။

ဤသတ္တဝါကြီးသည် အမြင့် သုံးလံခန့်ရှိကာ ၎င်း၏ အရွယ်အစားမှာပင် လူကို အသက်ရှူကျပ်စေရန် လုံလောက်လှပေသည်။

သို့သော်လည်း ချင်ယွမ်ဖုန်းသည် ဤမြင်ကွင်းကို ကြည့်ရှုရင်း ဤလောကကြီးသည် အစစ်အမှန် ဟုတ်ပါလေစဟု သံသယဝင်မိသွား၏။

အကြောင်းမူကား ချင်ယွမ်ဖုန်း၏ ရှေ့မှောက်၌ ရှိနေသည်မှာ ရောမ ခွေးကြီးတစ်ကောင် ဖြစ်နေသောကြောင့်ပင်။

အနက်ရောင်နှင့် အဖြူရောင် ရောယှက်နေ

သော အမွှေးအမျှင်များ၊ ထောင်မတ်နေသော နားရွက်များနှင့် ထွက်ကျနေသော လျှာကြီးမှာ ခွေးဘုရင်တစ်ကောင်နှင့် တစ်ပုံစံတည်း တူညီနေပေရာသည်။

"ရှောင်လင်... ဒါက ဘယ်လို သားရဲမျိုးလဲ" ဟု ချင်ယွမ်ဖုန်းက တိုးညှင်းသော လေသံဖြင့် မေးမြန်းလိုက်သည်။

"ခွေးဘုရင်လေ" ဟု ရှောင်လင်က အေးဆေးတည်ငြိမ်စွာပင် ဖြေကြား၏။

"ခွေးတွေကလည်း ဝိညာဉ်အဆင့်ကို တက်လှမ်းနိုင်တာလား" ချင်ယွမ်ဖုန်းက မယုံကြည်နိုင်ဟန်ဖြင့် ကြည့်နေမိသည်။

"ကြက်တွေတောင် ဖြစ်နိုင်သေးတာပဲ၊ ခွေးတွေဖြစ်တာ ဘာဆန်းလို့လဲ" ဟု ရှောင်လင်က အမူမဲ့

အမှတ်မဲ့ပင် ဆိုလေသည်။

ချင်ယွမ်ဖုန်းသည် တောင်ငယ်တစ်ခုမျှ ကြီးမားလှသော မိမိရှေ့မှ ဟက်စကီးကြီးကို ငေးမော ကြည့်ရင်း အတွေးများ ဗလပွဖြစ်နေတော့သည်။ ဤခွေးကြီးသည် အဆင့်မြင့်သားရဲတစ်ကောင် ဖြစ်ရုံသာမက ထိုထက်ပင် သာလွန်နိုင်ပေသေးသည်။

၎င်းထံမှ မရည်ရွယ်ဘဲ ထွက်ပေါ်လာသော ဖိအားမှာပင် ချင်ယွမ်ဖုန်း၏ ခန္ဓာကိုယ်ကို အလွန်အမင်း လေးလံထိုင်းမှိုင်းသွားစေ၏။

သို့သော်လည်း ဤခွေးဘုရင်ကြီးသည် ချင်ယွမ်ဖုန်းအပေါ် ရန်ငြိုးထားဟန် မရှိဘဲ ဆန့်ကျင်ဘက်အားဖြင့် အလွန်ပင် ချစ်ခင်မြတ်နိုးနေဟန် ရှိပေသည်။

ငင်းသည် ခေါင်းကို ငုံ့ချလိုက်ပြန်ကာ ချင်ယွမ်ဖုန်းအား လျှာဖြင့် လျက်၍ တစ်ကိုယ်လုံး ဆေးကြောပေးလိုက်ပြန်၏။

ချင်ယွမ်ဖုန်း၏ တစ်ကိုယ်လုံးတွင် စေးကပ်သော တံတွေးများဖြင့် စိုရွှဲသွားရာ ကြည့်ရသည်မှာ အလွန်ပင် ရယ်ဖွယ်ကောင်းလှပေတော့သည်။

ခွေးဘုရင်ကြီးသည် အရှေ့ခြေထောက်နှစ်ဖက်ကို ဆန့်တန်း၍ ထိုင်လျက်သား အနေအထားဖြင့် ချင်ယွမ်ဖုန်းကို ငုံ့ကြည့်နေ၏။

"ဒါ... ဒါက ဘာဖြစ်နေတာလဲ" ချင်ယွမ်ဖုန်းမှာ ငိုချင်စိတ်ပင် ပေါက်လာတော့သည်။ ငင်းသည် ခွေးဘုရင်နှင့် တူနေသော်လည်း အမှန်စင်စစ်မှာမူ မိမိထက် ကျင့်စဉ်အဆင့် များစွာမြင့်မားသော

သားရဲကြီးတစ်ကောင် မဟုတ်လော။

"မဟုတ်သေးဘူး၊ ငါ အမြန်ထွက်ပြေးမှ ဖြစ်မယ်"

ချင်ယွမ်ဖုန်းသည် ချက်ချင်းပင် လှည့်ထွက်လိုက်ကာ မိုးတိမ်နင်းခြင်း ပညာရပ်ကို အသုံးပြု၍ ဝေးရာသို့ အပြေးအလွှား ထွက်ပြေးလေတော့သည်။

သို့သော်လည်း မျက်စိတစ်မှိတ်အတွင်းမှာပင် ခွေးဘုရင်ကြီးသည် သူ၏ ရှေ့တည့်တည့်သို့ ရောက်ရှိလာကာ အရှေ့ခြေနှစ်ဖက် ထောက်၍ ထိုင်လျက်သားအတိုင်း ပြန်တွေ့ရပြန်သည်။

"ငါ ထပ်ပြေးမယ်"

ချင်ယွမ်ဖုန်းသည် လမ်းကြောင်းပြောင်း၍ ထပ်မံထွက်ပြေးသော်လည်း ခွေးဘုရင်က သူ၏

အလျှင်ထက် များစွာ ပိုမိုမြန်ဆန်လှသဖြင့် မျက်စိတစ်မှိတ်အတွင်းမှာပင် ရှေ့က ဆီးကြိုနေပြန်သည်။

ထိုသို့ ဖြစ်လင့်ကစား ခွေးဘုရင်ကြီးသည် ချင်ယွမ်ဖုန်းအား တိုက်ခိုက်ခြင်း မပြုဘဲ ခိုင်မာမှု၊ ဝေခွဲမရမှုနှင့် စူးရှမှုတို့ ရောယှက်နေသော မျက်လုံးများဖြင့်သာ ကြည့်ရှုနေလေသည်။

"မင်း တကယ်ပဲ ဘာလုပ်ချင်နေတာလဲ..." ချင်ယွမ်ဖုန်းသည် အားကိုးရာမဲ့သည့် ခံစားချက်ကို ပြင်းပြစွာ ခံစားလိုက်ရ၏။

ထွက်ပြေး၍ မရနိုင်တော့သဖြင့် ချင်ယွမ်ဖုန်းသည် ထိုနေရာ၌ပင် ထိုင်ချလိုက်တော့သည်။

ယခုအခါတွင် သူသည် စိတ်အနည်းငယ် တည်ငြိမ်သွားပြီ ဖြစ်ကာ ခွေးဘုရင်ကြီးမှာ မိမိ

အား ရန်မူရန် ရည်ရွယ်ချက် မရှိကြောင်းကို လည်း နားလည်သွားချေပြီ။

"ငါ့ဆီမှာ ရှိတဲ့ တစ်ခုခုက သူ့ကို ဆွဲဆောင်နေတာများလား" ချင်ယွမ်ဖုန်းသည် ဖြစ်နိုင်ခြေတစ်ခုကို တွေးမိသွားပြီး နှင်းမြွေပါ ကို ထုတ်၍ ကမ်းပေးလိုက်သည်။

နှင်းမြွေပါသည် ချင်ယွမ်ဖုန်းအား အထင်သေးသော မျက်လုံးများဖြင့် ကြည့်လိုက်ရာ ချင်ယွမ်ဖုန်းမှာ အပြစ်မကင်းသလို ခံစားလိုက်ရ၏။

"အစ်ကိုကြီး... ကျွန်တော့်ကို အဲ့လို မကြည့်ပါနဲ့၊ သူက ခင်ဗျားကို လိုချင်နေတာ ဖြစ်နိုင်တယ်လေ" ဟု ချင်ယွမ်ဖုန်းက ဖြောင့်မတ်မှန်ကန်သော မျက်နှာပေးဖြင့် ပြောလိုက်သည်။

သို့သော် ခွေးဘုရင်ကြီးသည် တုန်လှုပ်ခြင်း မရှိ

ဘဲ နှင်းမြွေပါကို တစ်ချက်မျှပင် လှည့်မကြည့်ချေ။

"နှင်းမြွေပါ မဟုတ်ရင် နှင်းကြက် လား"

ချင်ယွမ်ဖုန်းသည် တုတ်တွင် ချိတ်ဆွဲထားသော နှင်းကြက်ကို ထပ်မံကမ်းပေးသော်လည်း ခွေးဘုရင်ကြီးမှာ မည်သို့မျှ တုံ့ပြန်ခြင်း မရှိပေ။

"အစ်ကိုကြီးရာ... မင်း ဘာလိုချင်တာလဲ ပြောစမ်းပါဦး" ချင်ယွမ်ဖုန်းသည် စိတ်မရှည်ဖြစ်လာတော့သည်။

ထိုစဉ်မှာပင် ချင်ယွမ်ဖုန်းသည် မိမိ၏ ကိုယ်ပေါ်တွင် ပါလာသော အရာတစ်ခုကို ရုတ်တရက် သတိရသွားကာ သိုလှောင်အိတ် ထဲမှ အမြန် ထုတ်လိုက်လေသည်။

၎င်းမှာ သန့်စင်သော နတ်ရေစင် များ ထည့်

ထားသည့် ကျောက်စိမ်းပုလင်းငယ်ကလေးပင် ဖြစ်ပေသည်။

ခွေးဘုရင်ကြီးသည် နတ်ရေစင်ကို မြင်လိုက်ရသည်နှင့် မျက်လုံးများ အရောင်တောက်သွားကာ ရောမ ခန္ဓာကိုယ်ကြီးကို မတ်တတ်ရပ်၍ အမြီးကို တဖျတ်ဖျတ် လှုပ်ယမ်းလေတော့သည်။

ချင်ယွမ်ဖုန်းသည်လည်း မတ်တတ်ရပ်လိုက်ကာ ပြုံးရွှင်သော မျက်နှာဖြင့် "ဩော်... မင်း ဒါကို လိုချင်နေတာကိုး" ဟု ဆိုလေသည်။

ပြောပြောဆိုဆိုဖြင့် ချင်ယွမ်ဖုန်းသည် နတ်ရေစင် ပုလင်းငယ်ကို ပစ်ပေးလိုက်ရာ ခွေးဘုရင်ကြီးသည် ပါးစပ်ကြီးကို ဟကာ တစ်လုပ်တည်းဖြင့် မျိုချလိုက်တော့သည်။

ဤနတ်ရေစင် အနည်းငယ်မှာ ဟက်စကီးကြီး

အတွက် သွားကြားထိုးရန်ပင် မလောက်ငပေ။

သို့သော်လည်း ဤမျှ အနည်းငယ်မျှသော နတ်ရေစင်သည်ပင် ခွေးဘုရင်ကြီးအား အလွန်အမင်း စိတ်လှုပ်ရှားသွားစေကာ မြေပြင်ပေါ်တွင် ဟိုဖက်ဒီဖက် ခုန်ပေါက်ရင်း ဝံပုလွေတစ်ကောင်ကဲ့သို့ အူသံများ ပေးတော့သည်။

ချင်ယွမ်ဖုန်းသည် မျက်လုံးများ ပြူးသွားရ၏။ ဟက်စကီးကြီး၏ အူသံမှ ထွက်ပေါ်လာသော အသံလှိုင်းများက ချင်ယွမ်ဖုန်းအား ချက်ချင်းပင် လွင့်စင်သွားစေသဖြင့် ဖြစ်ပေသည်။

ခွေးဘုရင်ကြီးသည် ခေတ္တမျှ အူပြီးနောက် ရပ်တန့်သွားသော်လည်း ချင်ယွမ်ဖုန်းမှာမူ သစ်ပင်ကြီးတစ်ပင်ကို အားပြင်းစွာ ဆောင့်မိသွားသဖြင့် နာကျင်မှုကြောင့် မျက်နှာရှုံ့မဲ့သွား

ရ၏။

ခွေးဘုရင်ကြီးသည် ဘာမျှမသိရှာဘဲ ချင်ယွမ်ဖုန်းထံသို့ ပြန်ပြေးလာကာ စိတ်လှုပ်ရှားစွာဖြင့် ခုန်ပေါက်နေပြန်သည်။

ချင်ယွမ်ဖုန်း၏ စိတ်ထဲတွင် အကြံဆိုးတစ်ခု ပေါ်လာပြီး နှုတ်ခမ်းထောင့်တွင် မိစ္ဆာအပြုံးတစ်ခု ဖြစ်ပေါ်လာချေသည်။

"မင်း ဒါကို လိုချင်တာ မဟုတ်လား" ချင်ယွမ်ဖုန်းသည် နောက်ထပ် နတ်ရေစင်တစ်ပုလင်းကို ထုတ်ကာ ဝှေ့ယမ်းပြလိုက်သည်။

ခွေးဘုရင်ကြီးသည် နတ်ရေစင်ကို မြင်သောအခါ ပို၍ပင် စိတ်လှုပ်ရှားလာကာ ချင်ယွမ်ဖုန်း၏ ဘေးတွင် ခုန်ပေါက်နေသဖြင့် မြေပြင်မှာ တုန်ခါသွားပြီး အနီးနားရှိ သစ်ပင်များမှာလည်း

တိုက်မိ၍ လဲပြိုကျန်တော့သည်။

ခေတ္တအတွင်းမှာပင် တောအုပ်တစ်ခုလုံးမှာ ပျက်စီးယိုယွင်းသွားကာ သစ်ပင်များစွာ မြေပြင်ပေါ်တွင် လဲကျနေချေပြီ။

ဉာဏ်ခွေးကြီးမှာ ‘ဖျက်ဆီးရေးဘုရင်’ ဟူသော အမည်ပြောင်နှင့် အမှန်ပင် ထိုက်တန်လှပေသည်။

"မင်း ဒါကို လိုချင်ရင် ငါ ပေးနိုင်တယ်၊ ဒါပေမဲ့ မင်း ငါနဲ့အတူ လိုက်ခဲ့ရမယ်၊ ဟုတ်ပြီလား" ချင်ယွမ်ဖုန်းက မေးမြန်းလိုက်သည်။

ဉာဏ်ခွေးဘုရင်သည် မိမိစကားကို နားလည်နိုင်မလားဟူသည်ကိုမူ သူ မသိချေ။

ခွေးဘုရင်ကြီးမှာမူ ဟိုခုန်ဒီလွှား လုပ်နေဆဲပင်ဖြစ်ရာ ၎င်း နားလည်ခြင်း ရှိမရှိမှာ မသေချာလှ

ပေ။

ချင်ယွမ်ဖုန်းသည် စိတ်ဆိုးဟန်ဆောင်ကာ နတ်ရေစင်ကို ပြန်သိမ်းလိုက်၏။ ထိုအခါတွင်မှ ခွေးဘုရင်ကြီး၏ မျက်လုံးများမှာ တည်ကြည်သွားကာ ခေါင်းကို ငုံ့၍ ချင်ယွမ်ဖုန်းအား စူးစိုက်ကြည့်လေသည်။

"မင်း နတ်ရေစင် လိုချင်ရင် ငါနဲ့ လိုက်ခဲ့၊ နားလည်လား" ဟု ချင်ယွမ်ဖုန်းက ထပ်မံပြောဆိုသည်။

ခွေးဘုရင်ကြီး နားလည်သွားသည်လား မသိရသော်လည်း ၎င်းသည် ချင်ယွမ်ဖုန်းအား အာဃာတ ရှိသော မျက်လုံးများဖြင့် ကြည့်နေ၏။

"ရော့" ချင်ယွမ်ဖုန်းသည် နောက်ထပ်

နတ်ရေစင်တစ်ပုလင်းကို ခွေးဘုရင်ကြီး၏ ပါးစပ်ထဲသို့ ပစ်ပေးလိုက်ပြီးနောက် ၎င်း၏ ကျောပေါ်သို့ ခုန်တက်လိုက်သည်။

"ကဲ... သွားစို့၊ မင်းသာ ငါနဲ့ လိုက်ခဲ့ရင် နတ်ရေစင်တွေ အများကြီး ရှိတယ်" ချင်ယွမ်ဖုန်းသည် လက်ကို ဝေ့ယမ်းကာ ရှေ့သို့ ညွှန်ပြလိုက်သည်။

ခွေးဘုရင်ကြီးသည် အလွန်အမင်း ဝမ်းသာသွားကာ ချင်ယွမ်ဖုန်း၏ စကားကို နားလည်သွားဟန်ဖြင့် ရှေ့သို့ အဟုန်ပြင်းစွာ ပြေးထွက်သွားလေတော့သည်။

ဘေးတစ်ဖက်တစ်ချက်စီမှ ရှုခင်းများ လျင်မြန်စွာ ကျန်ရစ်ခဲ့သည်ကို ခံစားရင်း ချင်ယွမ်ဖုန်းမှာ ဂုဏ်ယူဝင့်ကြွားစိတ်များ ဖြစ်ပေါ်လာချေသည်။

ဤ ခွေးဘုရင်ကြီးသည် သူ၏ အရှိန်ထက် များစွာ ပိုမိုမြန်ဆန်လှပေသည်။

"ဟူး... မင်းသာ နည်းနည်းလေး ပိုသေးသွားရင် သိပ်ကောင်းမှာပဲ" ဟု ချင်ယွမ်ဖုန်းက မိမိဘာသာ ရေရွတ်မိသည်။

သို့သော် ထိုခဏ၌ပင် ခွေးဘုရင်ကြီးသည် ချင်ယွမ်ဖုန်း၏ စကားကို နားလည်သွားဟန်ဖြင့် ၎င်း၏ ခန္ဓာကိုယ်မှာ အရွယ်အစား တစ်ဆင့် သေးငယ်သွားချေတော့သည်။

ချင်ယွမ်ဖုန်းမှာ မျက်လုံးများ အရောင်တောက်သွားရ၏။

ဤခွေးဘုရင်ကြီးမှာ ခန္ဓာကိုယ်ကို ကျုံ့နိုင်လိမ့်မည်ဟု သူ မမျှော်လင့်ထားခဲ့ပေ။ အမှန်တစင်စစ် တောင်ပမာ ကြီးမားသော ခွေးကြီးကို

ပြန်ခေါ်သွားရန်မှာ အလွန်ပင် အဆင်မပြေလှ ပေ။

သို့သော်လည်း ယခုအချိန်တွင် ခွေးဘုရင်ကြီး မှာ အတော်ပင် ကြီးမားနေဆဲ ဖြစ်ကာ အလျား နှစ်လံခန့် ရှိနေပေသေးသည်။

***